ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် ဇွန်လအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူစျေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly
# INFLATION REPORT
July 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ ဇွန်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ် ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ ဇွန်လ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၀.၆၅** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၃၁.၉၂** ရှိပါသည်။ **၂၀၁၉ ခုနှစ်၊ ဇွန်လ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၅၄.၅၆** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၅၃.၆၆** နှင့် နှိုင်းယှဉ်ပါက **၀.၅၉%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ ဇွန်လ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၇.၈၁** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၂၇.၃၁** နှင့် နှိုင်းယှဉ်ပါက **၀.၃၉%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇွန်လ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၅၄.၅၆** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၁.၁၃** နှင့် နှိုင်းယှဉ်ပါက **၉.၅၁%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ်၊ ဇွန်လ၏ Core CPI မှာ ၁၂၇.၈၁ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၀.၁၈** နှင့် နှိုင်းယှဉ်ပါက **၆.၃၄%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၇၀.၆၅** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၁၁%** မြင့်တက်လာပါသည်။ ဆန်(ဧမတ၊ ဧည့်မထ၊ ငကျွဲ)၊ ကောက်ညှင်းဈေးနှုန်းများ၊ မြေပဲဆီ၊ ကြက်သား၊ ဘဲသား၊ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငါးအစိုနှင့် ငါးခြောက်ဈေးနှုန်းများ၊ ပုစွန်ခြောက်ဈေးနှုန်းများ၊ ပုစွန်ထုပ်နှင့်ပုစွန်ကျော့ဈေးနှုန်းများ၊ ကြက်ဥ၊ ဘဲဥ ဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ၊ ရေတ်သီးခြောက်(အပု/အရှည်) ဈေးနှုန်းများနှင့် အချို့ပဲဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၃၁.၉၂** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၃၆%** ကျဆင်းလာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့ရာတွင် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသားဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ်၊ စပို့ရှပ်၊ ဖိနပ်

(သားရေစိမ်း)နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် သိသိသာသာ မြင့်တက်လာပါသည်။ အလားတူ ရွှေဈေးနှုန်းမှာလည်း ယခင်လကထက် ဆက်လက်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာပြီး ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီ နှင့် ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းနေသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အသား၊ ငါးနှင့်ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ဟင်းသီးဟင်းရွက်ဈေးနှုန်း များမြင့်တက်လာခြင်းနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူ ဈေးဆနှုန်းမှာ ယခင်လကထက် ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ်၊ ဇွန်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation)** မှာ **၈.၀၈%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ **၆.၁၇%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ **၉.၅၁ %** ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ **၆.၃၄%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ်၊ ဇွန်လ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ်၊ မေလ နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ်၊ ဇွန်လ နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၃ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၄ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၅ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၆ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၇ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနွှန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ်၊ မေလ နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ စားသုံးသူဈေးဆနွှန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနွှန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွက် စားသုံးသူဈေးဆနွှန်းမှာ ၁၅၄.၅၆ ဖြစ်ရာ ယခင်လအခြေအနေ ၁၅၃.၆၆ နှင့် နှိုင်းယှဉ်ပါက ၀.၅၉% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆေးလိပ်နှင့်အဖျော်ယမကာ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ပြင်ပအစားအသောက်အုပ်စုတို့မှာ ကျဆင်းလာပြီး ကျန်အုပ်စုများမှာမူ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနွှန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနွှန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၇၀.၆၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၁၁% မြင့်တက်လာပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ၀.၁၉% မြင့်တက်လာပြီး မြေပဲဆီ ၁.၅၁%၊ ကြက်သား ၂.၃၃%၊ ဝက်သား ၀.၃၈%၊ အမဲသား ၁.၄၂%၊ ဘဲဥ ၁.၅၆%၊ ကြက်ဥ ၃.၂၇%၊ ငါးခူ ၄.၃၂%၊ ငါးရံ့ ၂.၄၃%၊ ငါးမြစ်ချင်း ၅.၈၄%၊ ပုစွန်ခြောက် ၀.၆၈%နှင့် ငါးရံ့ခြောက် ၂.၄၃% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် အာလူး၊ ကြက်သွန်ဖြူ နှင့် ကြက်သွန်နီ ဈေးနှုန်းများမှာ သိသိသာသာ မြင့်တက်လာပြီး ဆား၊ အချိုမှုန့်၊ နနွင်းမှုန့်နှင့် ငရုတ်သီးမှုန့်ဈေးနှုန်းများလည်း မြင့်တက်နေပါသည်။ သစ်သီးများဖြစ်ကြသော အုန်းသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီးဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်ကြသော ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးနှင့် ဂေါ်ဖီထုပ် ဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိပါသည်။ ပဲဈေးနှုန်းများတွင် ကုလားပဲနှင့် ပဲနီလေး ဈေးနှုန်းများမှာ အနည်းငယ်ဆက်လက် မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၅၀.၈၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၅% ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကွမ်းရွက်ဈေးနှုန်းမှာ သိသာစွာကျဆင်းလာသောကြောင့်ဖြစ်ပါသည်။ သို့သော် အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီး (အခြမ်း/အလုံး)၊ ဆေးရွက်ကြီး၊ စီးကရက်(ပြည်တွင်း)နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၆.၃၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၃% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ(အမျိုးသမီး)နှင့် သားရေဖိနပ် ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၅၅.၉၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော သစ်မာ၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ်(အလုပ်သမားခ)နှင့် ထင်းဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၇.၈၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၃၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ဘီဒို၊ ဖျာ(သင်ဖြူး)၊ ခြင်ထောင်၊ ဒန်သတ္တု၊ သောက်ရေအိုး၊ မီးအားမြင့်စက်၊ ဓာတ်ခဲ၊ မီးချောင်းနှင့် အဝတ်လျှော်ဆပ်ပြာဈေးနှုန်းများ အနည်းငယ်ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၅၃.၁၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၂% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်

ပါဝင်သော ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၁၃.၀၃ ရှိ၍ ယခင်လအခြေအနေ ၁၁၆.၁၀ နှင့် နှိုင်းယှဉ်ပါက ၂.၆၅% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၃၈၈.၅၄ ကျပ်မှ ၄၀၀၄.၆၀ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်လျှင် ၄၇၀၁.၇၀ ကျပ် မှ ၄၃၃၇.၁၄ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီးကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၀၁.၅၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများမှာ Model နိမ့်သွားသောကြောင့် ဈေးနှုန်းများအနည်းငယ် ကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၁.၃၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၇၃% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ သတင်းစာ၊ ဂျာနယ်နှင့် ဗလာစာအုပ် ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၆.၁၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၈၃% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်းရှိ ကျူရှင်လခဈေးနှုန်းများနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ကျောင်းဖွင့်ရာသီ ဖြစ်သောကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၇.၅၇ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၃၁% ကျဆင်းခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် ကွမ်းယာဈေးနှုန်းမှာ ကျဆင်းလာပြီး အကြော်စုံ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်၊ နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၉.၆၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၄၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသား/အမျိုးသမီး)၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မိတ်ကပ်၊ ရွှေ၊ လက်ဝတ်ရတနာ နှင့် ထီး ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၁.၉၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၆% ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

### ၂၀၁၈ ခုနှစ်၊ ဇွန်လ နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၅၄.၅၆ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၄၁.၁၃ နှင့် နှိုင်းယှဉ်ပါက ၉.၅၁% မြင့်တက်လာပါသည်။ ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါကသိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၇၀.၆၅ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ အခြေအနေ ၁၅၂.၉၅ နှင့် နှိုင်းယှဉ်ပါက ၁၁.၅၇% ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၇.၉၇% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၅.၆၉%၊ နှမ်းဆီ ၁၂.၃၀%၊ ကြက်သား ၁၀.၅၄%၊ ဝက်သား ၁.၉၉%၊ အမဲသား ၂၆.၂၉%၊ ဘဲဥ ၁၈.၇၆%၊ ကြက်ဥ ၁၃.၈၁%၊ ငါးခူ ၁၀.၄၉%၊ ငါးရံ့ ၉.၃၁%၊ ငါးမြစ်ချင်း ၁၆.၇၉%၊ ပုစွန်ခြောက် ၉.၀၀%၊ ငါးရံ့ခြောက် ၈.၉၈% နှင့် ရေကျိုငါးပိ ၁.၅၂% ဖြင့် ဈေးနှုန်းများ အသီးသီးမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၈.၇၈% မြင့်တက်လျက်ရှိပါသည်။ သို့သော် မီးဖိုချောင်သုံးပစ္စည်းများတွင် အာလူး ၉.၆၇% မြင့်တက်လျက်ရှိသော်လည်း ကြက်သွန်နီ ၄.၅၃% နှင့် ကုလားပဲခြမ်း ၃.၅၃% တို့ဖြင့် သိသာထင် ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၅၀.၈၆ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၈.၈၀% မြင့်တက်နေပါသည်။ ဤအုပ်စု

တွင် ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီး (အလုံး)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်း များမှာ ယခင်နှစ် နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လ၌ ၁၂၆.၃၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဖွန်လ နှင့် နှိုင်းယှဉ်ပါက ၅.၁၉% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော လုံချည်(အမျိုးသမီး/အမျိုးသား)၊ အမျိုးသမီးဝတ် အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)၊ သားရေ ဖိနပ်နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လ၌ ၁၅၅.၉၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဖွန်လနှင့် နှိုင်းယှဉ်ပါက ၆.၁၄% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင် ခ၊ အလုပ်သမားခ၊ ဂက်(စ်) ဓာတ်ငွေ့နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လ၌ ၁၂၇.၈၅ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဖွန်လနှင့် နှိုင်းယှဉ်ပါက ၈.၂၈% မြင့်တက် ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြု ပြင်ထိန်းသိမ်းစရိတ် (အလုပ်သမားခ)တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လ၌ ၁၅၃.၁၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဖွန်လနှင့် နှိုင်းယှဉ်ပါက ၉.၅၇% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့် တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လ၌ ၁၁၃.၀၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဖွန်လနှင့် နှိုင်းယှဉ်ပါက ၄.၀၅% ဖြင့် ဆက်လက်မြင့်တက်လာ

ပါသည်။ ယင်းအုပ်စုဈေးဆန္ဒန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် တစ်ဂါလန်လျှင် ၄၂၄၄.၀၅ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၃၃၇.၁၄ ကျပ်သို့ လည်းကောင်း၊ ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၄၁၉၆.၆၁ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၀၀၄.၆၀ ကျပ် သို့လည်းကောင်း မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်း စရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၀၁.၅၃ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၀.၈၈% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ် ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၁.၃၆ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ နှင့် နှိုင်းယှဉ်ပါက ၁၂.၉၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု တွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဖူး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၆.၁၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၄.၁၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၂၇.၅၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၄.၆၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စု အတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲ ကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်

အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၉.၆၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၁၀.၀၀% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအမျိုးစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၅.၈၇%၊ သနပ်ခါး ၇.၄၀%၊ မိတ်ကပ် ၁၁.၀၇% နှင့် သွားတိုက်ဆေး ၁၃.၃၀% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ၁၃၁.၉၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက ၅.၉၆% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုမှ လွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ်၊ ဇွန်လ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ၁၄၁.၁၃ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆန္နှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ တစ်ဖန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စားသုံးသူဈေးဆန္နှုန်း တဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့ရာ ဇွန်လအထိ ဆက်လက် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် မွန်ပြည်နယ်တွင် ၁.၄၄% ဖြင့် အများဆုံးမြင့်တက်လာပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင်မူ ၀.၀၃% ဖြင့် သိသာစွာပြောင်းလဲခြင်းမရှိပါ။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ၇.၅၆% ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၈.၈၅% သို့ မြင့်တက်ခဲ့ပါသည်။ ထို့မှတဖန် ပွင့်လင်းရာသီ ဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေပြန်လည် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်းလာပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၆.၆၉% သို့

တဖြည်းဖြည်းပြန်လည် မြင့်တက်လာရာမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% အထိ ဆက်လက်မြင့်တက်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ဖြင့် အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လအထိ တစ်နှစ်ပျမ်းမျှ ၈.၀၈% ရှိ၍ ၂၀၁၉ ခုနှစ်၊ မေလအထိ တစ်နှစ်ပျမ်းမျှ ၇.၈၂% နှင့် နှိုင်းယှဉ်ပါက ၀.၂၆% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ်၊ ဇွန်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ၅.၀၂% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၈.၀၈%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၃၁% ဖြင့် အမြင့်ဆုံး၊ မွန်ပြည်နယ်တွင် ၁၀.၁၄% ဖြင့် ဒုတိယအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၉.၉၉% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၄.၃၃% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၃.၇၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ဆက်လက်မြင့်တက်လျက်ရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကလည်း များစွာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်းနှင့် မိုးစပါးစိုက်ပျိုးချိန်နီးကပ်လာခြင်း၊ ဈေးကွက်အတွင်း ဆန်လက်ကျန်နည်းပါးလာခြင်းတို့ကြောင့် ဆန်ဟောင်းဈေးနှုန်းများ မြင့်တက်နေခြင်း ဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ ဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံများကို ပြည်ပဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၉.၁၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၄၈၃.၁၃ သို့ ကျဆင်းလာသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလျက်ရှိပါသည်။

(ဂ) အသားငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုများပြီး ကြက်မွေးမြူရေးခြံများရေဝင်ခြင်း၊ ကြက် အသေအပျောက်များခြင်း တိရိစ္ဆာန်အစာဖြစ်သော ကြက်စာ၊ ငါးစာဈေးနှုန်းများ မြင့်တက်ခြင်း၊ ငါးရစ်ဥချိန်ဖြစ်ပြီး ငါးမဖမ်းရ ရာသီဖြစ်ခြင်း စသည့်အကြောင်းရင်းများကြောင့် အသား၊ ငါး ဈေးနှုန်းများမြင့်တက်လာပါသည်။ ထို့ပြင် ကြက်စာ ဈေးနှုန်း မြင့်တက်ခြင်း၊ ဥထွက်နှုန်းများ ကျဆင်းခြင်းတို့ကြောင့် ဘဲဥနှင့် ကြက်ဥဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဃ) မိုးရွာသွန်းမှုများသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းဝင်ရောက်မှု နည်းလာပြီးဟင်းသီးဟင်းရွက်နှင့် အသီးအနှံဈေးနှုန်း များသိသိသာသာ မြင့်တက်လာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီ ဈေးနှုန်းများမှာ မြင့်တက်လာပြီး ပဲမျိုးစုံဈေးကွက်တွင် ပြည်ပမှ ပြန်လည်၍ ဝယ်လိုအား ရှိလာသောကြောင့် ပဲဈေးနှုန်းများလည်း ပြန်လည် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၀၂၂၈၄၅.၅၈ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၃.၂၁% မြင့်တက်လာခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅.၈၇% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၂၈၃.၇၅ ရှိရာ မှ ၁၃၅၉.၂၈ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသောကြောင့် မြန်မာ့ရွှေဈေးနှုန်းမှာလည်းလိုက်ပါ မြင့်တက်လျက်ရှိပါသည်။

(ဆ) ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၂.၅၈ မှ ၇၃.၂၆ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၄.၉၄ မှ ၆၅.၄၂ သို့လည်းကောင်း အသီးသီးကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီ ဈေးနှုန်းများမှာ ကျဆင်းလာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာလည်း သိသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်၊ ယခင်လတို့နှင့် နှိုင်းယှဉ်ပါက ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများကျဆင်းနေသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများကျဆင်းလာခြင်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းများ ကျဆင်းလာသော်လည်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ နှင့် ရွှေဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း မြင့်တက်ခဲ့ပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္နန်း** | **၁၀၀.၀၀** | **၁၄၁.၁၃** | **၁၅၃.၆၆** | **၁၅၄.၅၆** | **၀.၅၉** | **၉.၅၁** | **၈.၀၈** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၅၂.၉၅** | **၁၆၈.၇၇** | **၁၇၀.၆၅** | **၁.၁၁** | **၁၁.၅၇** | **၈.၇၉** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၈.၆၆ | ၁၅၁.၅၄ | ၁၅၀.၈၆ | -၀.၄၅ | ၈.၈၀ | ၁.၂၁ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၀.၁၄ | ၁၂၅.၈၂ | ၁၂၆.၃၇ | ၀.၄၃ | ၅.၁၉ | ၄.၃၉ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၄၆.၉၆ | ၁၅၅.၈၇ | ၁၅၅.၉၉ | ၀.၀၈ | ၆.၁၄ | ၇.၁၆ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၈.၀၈ | ၁၂၇.၄၂ | ၁၂၇.၈၅ | ၀.၃၄ | ၈.၂၈ | ၆.၆၄ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၉.၈၀ | ၁၅၂.၅၃ | ၁၅၃.၁၇ | ၀.၄၂ | ၉.၅၇ | ၇.၄၃ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၀၈.၆၃ | ၁၁၆.၁၀ | ၁၁၃.၀၃ | -၂.၆၅ | ၄.၀၅ | ၉.၈၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၄၃ | ၁၀၁.၅၉ | ၁၀၁.၅၃ | -၀.၀၆ | -၀.၈၈ | -၀.၇၆ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၇.၄၇ | ၁၂၀.၄၉ | ၁၂၁.၃၆ | ၀.၇၃ | ၁၂.၉၃ | ၅.၄၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၀.၆၈ | ၁၃၅.၀၂ | ၁၃၆.၁၄ | ၀.၈၃ | ၄.၁၈ | ၇.၉၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၁.၉၄ | ၁၂၇.၉၇ | ၁၂၇.၅၇ | -၀.၃၁ | ၄.၆၁ | ၆.၂၆ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၂၆.၉၂ | ၁၃၇.၅၉ | ၁၃၉.၆၁ | ၁.၄၆ | ၁၀.၀၀ | ၈.၁၃ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၂၄.၅၀** | **၁၃၂.၃၉** | **၁၃၁.၉၂** | **-၀.၃၆** | **၅.၉၆** | **၆.၈၆** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္နန်း(Core CPI)** | **၃၄.၂၉** | **၁၂၀.၁၈** | **၁၂၇.၃၁** | **၁၂၇.၈၁** | **၀.၃၉** | ***၆.၃၄** | ***၆.၁၇** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရ တခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၇.၀၁ | ၁၅၁.၀၁ | ၁၅၂.၅၄ | ၁.၀၁ | ၃.၇၆ | ၆.၃၁ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၃.၃၄ | ၁၅၆.၀၂ | ၁၅၆.၄၉ | ၀.၃၀ | ၉.၁၇ | ၅.၂၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၂၈.၁၅ | ၁၃၈.၉၂ | ၁၄၀.၀၀ | ၀.၇၈ | ၉.၂၅ | ၈.၇၉ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၄.၇၀ | ၂၀၄.၂၆ | ၂၀၅.၁၄ | ၀.၄၃ | ၁၁.၀၆ | ၈.၉၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၃၅.၅၈ | ၁၅၄.၅၉ | ၁၅၄.၆၄ | ၀.၀၃ | ၁၄.၀၆ | ၈.၉၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၂၇.၆၃ | ၁၃၆.၈၄ | ၁၃၇.၄၃ | ၀.၄၃ | ၇.၆၈ | ၈.၅၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၃၆.၆၉ | ၁၄၉.၀၆ | ၁၅၀.၃၁ | ၀.၈၄ | ၉.၉၆ | ၇.၂၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၄၃.၉၀ | ၁၆၃.၀၄ | ၁၆၄.၅၂ | ၀.၉၁ | ၁၄.၃၃ | ၁၂.၃၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၃.၆၂ | ၁၄၇.၈၆ | ၁၄၈.၂၀ | ၀.၂၃ | ၁၀.၉၁ | ၇.၂၀ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၃၆.၉၅ | ၁၄၄.၈၅ | ၁၄၆.၉၃ | ၁.၄၄ | ၇.၂၈ | ၁၀.၁၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၇၆.၅၀ | ၁၈၈.၁၂ | ၁၈၉.၄၆ | ၀.၇၁ | ၇.၃၄ | ၈.၇၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၅.၂၆ | ၁၄၃.၀၁ | ၁၄၃.၅၈ | ၀.၄၀ | ၆.၁၄ | ၅.၇၇ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၃.၉၈ | ၁၆၃.၀၈ | ၁၆၄.၅၆ | ၀.၉၁ | ၆.၈၇ | ၇.၄၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၂.၅၀ | ၁၅၆.၂၂ | ၁၅၇.၀၃ | ၀.၅၂ | ၁၀.၁၉ | ၆.၉၈ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၃၂ | ၁၃၆.၉၈ | ၁၃၇.၆၅ | ၀.၄၉ | ၈.၁၂ | ၅.၃၆ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၁.၈၃ | ၁၅၂.၇၉ | ၁၅၃.၅၈ | ၀.၅၂ | ၈.၂၈ | ၇.၈၃ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၆.၉၃ | ၁၄၉.၇၃ | ၁၄၉.၉၉ | ၀.၁၇ | ၉.၅၄ | ၉.၉၉ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၀.၈၅ | ၁၄၃.၀၁ | ၁၄၄.၂၂ | ၀.၈၅ | ၁၀.၂၂ | ၇.၉၈ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၁.၁၃** | **၁၅၃.၆၆** | **၁၅၄.၅၆** | **၀.၅၉** | **၉.၅၁** | **၈.၀၈** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် မေလ (ကျပ်) | ၂၀၁၉ ခုနှစ် ဇွန်လ (ကျပ်) | ၂၀၁၈ခုနှစ် ဇွန်လ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၀၆.၀၇ | ၁၅၀၈.၉၅ | ၁၃၉၇.၆၀ | ၀.၁၉ | ၇.၉၇ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၃၈၇.၆၈ | ၆၄၈၄.၄၂ | ၅၆၀၄.၈၉ | ၁.၅၁ | ၁၅.၆၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၅၅၂.၅၀ | ၆၅၇၀.၃၁ | ၅၈၅၀.၆၁ | ၀.၂၇ | ၁၂.၃၀ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၄၉.၃၇ | ၂၀၂၆.၈၈ | ၂၀၅၂.၁၁ | -၁.၁၀ | -၁.၂၃ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၅၁၄.၄၅ | ၇၆၈၉.၇၃ | ၆၉၅၆.၆၅ | ၂.၃၃ | ၁၀.၅၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၄၁၈.၂၄ | ၉၄၅၃.၇၂ | ၉၂၆၉.၃၉ | ၀.၃၈ | ၁.၉၉ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၃၄၈၂.၃၃ | ၁၃၆၇၄.၄၂ | ၁၀၈၂၇.၈၃ | ၁.၄၂ | ၂၆.၂၉ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၈၄.၇၀ | ၁၉၁၄.၀၁ | ၁၆၁၁.၆၄ | ၁.၅၆ | ၁၈.၇၆ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၈၂.၂၈ | ၁၄၂၇.၅၂ | ၁၂၅၄.၂၈ | ၃.၂၇ | ၁၃.၈၁ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၈၁၈.၈၉ | ၉၁၉၉.၄၄ | ၈၃၂၆.၁၁ | ၄.၃၂ | ၁၀.၄၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၈၄၉.၂၂ | ၉၀၆၄.၂၅ | ၈၂၉၂.၂၃ | ၂.၄၃ | ၉.၃၁ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၉၂၃.၂၁ | ၅၂၁၀.၇၁ | ၄၄၆၁.၆၁ | ၅.၈၄ | ၁၆.၇၉ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၂၅၃၉.၁၅ | ၃၂၇၆၀.၈၅ | ၃၀၀၅၄.၄၇ | ၀.၆၈ | ၉.၀၀ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၀၇၁၉.၁၂ | ၃၁၄၆၄.၂၂ | ၂၈၈၇၀.၄၄ | ၂.၄၃ | ၈.၉၈ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၃၁.၄၂ | ၃၃၅၀.၀၀ | ၃၃၀၀.၀၀ | ၀.၅၆ | ၁.၅၂ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၆၉၇.၆၉ | ၁၇၈၄.၀၃ | ၁၂၈၅.၅၀ | ၅.၀၉ | ၃၈.၇၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၅၄.၆၂ | ၂၃၆၀.၇၁ | ၂၄၄၇.၁၈ | ၀.၂၆ | -၃.၅၃ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၈၈.၅၅ | ၁၁၃၀.၉၂ | ၁၀၃၁.၂၅ | ၃.၈၉ | ၉.၆၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၆၂၀.၆၈ | ၃၁၁၆.၁၇ | ၂၆၃၄.၂၁ | ၁၈.၉၁ | ၁၈.၃၀ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၈၈၄.၄၀ | ၁၀၀၂.၂၀ | ၁၀၄၉.၈၀ | ၁၃.၃၂ | -၄.၅၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၂၇၅.၁၈ | ၅၂၈၃.၆၉ | ၄၇၈၅.၈၇ | ၀.၁၆ | ၁၀.၄၀ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၃၇၄.၇၅ | ၅၃၆၇.၄၄ | ၅၁၂၀.၄၆ | -၀.၁၄ | ၄.၈၂ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၉၁၀၄၅.၈၀ | ၁၀၂၂၈၄၅.၅၈ | ၈၈၂၇၈၃.၆၃ | ၃.၂၁ | ၁၅.၈၇ |
| ၂၄ | ထင်း | | ပိဿာ | ၃၄၂.၇၁ | ၃၄၅.၂၃ | ၃၁၉.၈၅ | ၀.၇၃ | ၇.၉၃ |
| ၂၅ | မီးသွေး | | ။ | ၆၇၄.၀၂ | ၆၇၄.၀၂ | ၆၂၅.၉၀ | ၀.၀၀ | ၇.၆၉ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၃၇.၉၄ | ၄၃၇.၉၄ | ၄၁၂.၂၈ | ၀.၀၀ | ၆.၂၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၀၅.၈၅ | ၁၁၀၅.၈၅ | ၁၀၄၀.၇၀ | ၀.၀၀ | ၆.၂၆ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၇၀၂.၇၀ | ၄၃၃၇.၁၄ | ၄၂၄၄.၀၅ | -၇.၇၇ | ၂.၁၉ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၄၃၈၈.၅၄ | ၄၀၀၄.၆၀ | ၄၁၉၆.၆၁ | -၈.၇၅ | -၄.၅၈ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | ၂၀၁၉ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
| စားသုံးသူဈေးဆန္ဒန်း (CPI) | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ |
| စားသုံးသူဈေးဆန္ဒန်း (Core CPI) | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ |

# ဖယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | ၂၀၁၉ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၆၃ | ၉.၅၁ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ |